
ဓမ္မဟောင်းခေတ်ပရောဖက်များ
သင်ခန်းစာ ၃
အောက်တိုဘာ ၁၇၊ ၂၀၂၆



“ယောရှဖတ်သည် ရပ်၍၊ အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ နားထောင်ကြလော့။ သင်တို့၏ ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည်ကြလိမ့်မည်။ ပရောဖက်တော်တို့ကို ယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင်ကြလိမ့်မည်ဟု မိန့်တော်မူ၏” (၂ ရာဇဝင်ချုပ် ၂၀း၂၀)

ခမ္မဟောင်းခေတ်တွင် ဘုရားသခင်ထံမှ သတင်းစကားကို လက်ခံရရှိပြီး အခြားသူများထံ ပြန်လည်ပြောကြားပေးသူများကို “ပရောဖက်များ”(သို့) “ဗျာဒိတ်ရသူများ” ဟု ခေါ်ကြသည် (၁ ရာဇဝင် ၉:၉)။

သူတို့သည် လူတို့မသိနိုင်သေးသော လျှို့ဝှက်အရာများနှင့် နောင်လာမည့်အရာများကိုပင် သိနိုင်သော အစွမ်းရှိကြသည် (၁ ရာ. ၉:၆)။ သို့သော် သူတို့၏အမှုသည် ထိုမျှနှင့် မကန့်သတ်ခဲ့ဘဲ ထိုထက်များစွာ ကျယ်ပြန့်ပါသည်။ ထိုသို့ သိနိုင်သောအရည်အချင်းသည် သူတို့ကိုယ်တိုင်၏အစွမ်းကြောင့် မဟုတ်ဘဲ ဘုရားသခင်ထံမှ ရရှိခြင်းဖြစ်သည်။

သို့သော် ဘုရားသခင်ထံမှ မဟုတ်ဘဲ မိမိတို့စိတ်ထဲက ထင်မြင်ချက်များကို ‘ရူပါရုံ’ ဟုဆိုကာ ဟောပြောကြသော မိစ္ဆာပရောဖက်များလည်း ရှိခဲ့ကြသည်” (ယေရမိ ၂၃:၁၆)။





- ပရောဖက်ပြုခြင်းအမှုတော်အတွက် မည်သူတို့ကို ခေါ်တော်မူခဲ့သနည်း။
- ပရောဖက်များသည် မည်ကဲ့သို့သော အပြုအမူဖြင့် နေထိုင်ခဲ့ကြသနည်း။
- ပရောဖက်များသည် မည်သည့်အမှုကို လုပ်ဆောင် ခဲ့ကြသနည်း။
- ပရောဖက်ဆုကျေးဇူး ရရှိခဲ့သော အမျိုးသမီးများမှာ မည်သူများနည်း။
- ပရောအတုများတွင် မည်သည့်လက္ခဏာများ ရှိကြသနည်း

# ပရောဖက်ပြုခြင်းအမှုတော်အတွက် မည်သူတို့ကို ခေါ်တော်မူခဲ့သနည်း။

ဧလိယသည် ငါတို့ကဲ့သို့ လောကဓံတရား၌ ကျင်လည်သောသူ ဖြစ်သော်လည်း၊ မိုးမရွာမည်အကြောင်း အထူး သဖြင့် ဆုတောင်းသောအခါ၊ သုံးနှစ်နှင့် ခြောက်လပတ်လုံး မြေပေါ်သို့ မိုးမရွာဘဲနေ၏” (ယာကုပ် ၅း၁၇)

ပရောဖက်များသည် သာမန်လူများထက် ထူးခြားသူများမဟုတ်ဘဲ အားနည်းချက်များရှိကြပါသည်။ မောရှေသည် စကားပြောရာ၌ အားနည်းသူဖြစ်သည်ဟု ဝန်ခံခဲ့သည် (ထွက် ၄း၁၀)။ ဟေရှာယက မိမိနှုတ်ခမ်းမသန့်ရှင်းပါဟု ဝန်ခံခဲ့သည် (ဟေရှာ ၆း၅)။ ယေရမိက ထိုတာဝန်ကို ထမ်းဆောင်ရန် အသက်ငယ်သေးသည်ဟု အကြောင်းပြသည် (ယေရ ၁း၆)







အာဟပ်မင်း၏ ဘုရားမဲ့မှုကြောင့် မိုးခေါင်ရေရှားဘေးကြီးကျရောက်မည်ဟု မင်းကြီးကို ရဲရဲဝံ့ဝံ့ သတိပေးခဲ့သည်။ ဧလိယသည် “ငါတို့ကဲ့သို့ပင် လူသားတစ်ဦးသာဖြစ်သည် ဟု ကျမ်းစာက ဖော်ပြထားပါသည် (ယာ ၅း၁၇)





ကြီးမားသောအံ့ဖွယ်နိမိတ်ပြုလုပ်ပြီးသည့်နောက် ဧလိယပင်လျှင် မိဖုရားယေဇဗေလက သတ်ပစ်မည်ဟု ခြိမ်း ခြောက်လိုက်သည့်အခါ အလွန်စိုးရိမ်၍ အားနည်းသွားခဲ့သည် (၁ ဓမ္မရာဇဝင် ၁၉း၂-၄)

ဤမှာ ဘုရားသခင်သည် ပြည့်စုံ၍ လူကိုပရောဖက်အတွက် မရွေးကြောင်းထင်ရှားသည်။ မည်သို့ရွေးသနည်း။ဘုရားကိုချစ်သောစိတ်နှင့်နာခံလိုသောစိတ်ကို မြင်၍ရွေးသည်။



# ပရောဖက်များသည် မည်ကဲ့သို့သော အပြုအမူဖြင့် နေထိုင်ခဲ့ကြသနည်း။

“မိက္ခာက၊ ထာဝရဘုရားအသက်ရှင်တော်မူသည်အတိုင်း ထာဝရဘုရား မိန့်တော်မူသော စကားကိုသာ ငါပြန်ပြောရမည်ဟု ဆို၏။(၃ ဓမ္မရာဇဝင် ၂၂:၁၄)”





မိက္ခာသည် ဘုရင်နှစ်ပါးရှေ့မှာ ရပ်ခဲ့ရသည်။ ပရောဖက် ၄၀၀ တို့က ဘုရင်အကြိုက်ကိုပြောဆိုကြသည်။ အစောင့်က အခြေအနေကိုကြည့်ပြီးပြောဆိုရန် အကြံပေးခဲ့သည် (၁ ရာဇဝင် ၂၂း ၁၀-၁၃)။ သို့သော် မိက္ခာက ထာဝရဘုရားမိန့်တော် မူသည်အတိုင်းပြောမည်ဟု ခိုင်ခိုင်မာမာရပ်တည်ခဲ့သည် (၁ ရာဇဝင် ၂၂း၁၄)

သူတို့သည် ပြည့်စုံသောသူများမဟုတ်ကြပါ။ သို့သော် သူတို့သည် ဆုတောင်းခြင်းနှင့်နှုတ်ကပတ်တော်၌ သစ္စာရှိကြသည်။ ဘုရားနှင့်ကိုယ်တော်၏လူများအတွက် အမှုဆောင်များဖြစ်ကြသည် (၁ ရာ ၁၂း၂၃၊ ယေရ ၄၂း၄)

ပရောဖက်၊ ပရောဖက်မတို့သည် ဘုရားသခင်အတွက် ပြောဆိုရုံသာမက မိမိပြောဆိုသော နှုတ်ကပတ်တော်နှင့်ကိုက်ညီအောင် အသက်ရှင်ခဲ့ကြသည် (၁ ရာ ၁၂း၃-၄)။ ထို့ကြောင့် လူတို့က သူတို့ကို "ဘုရားသခင်၏လူ"၊ ရိုသေလေးစားထိုက်သောသူ" ဟု ခေါ်ကြပါသည် (၁ ရာ ၉း၆)

သတင်းစကားကို လက်မခံသောသူများက ပရောဖက်များကို မုန်းတီးကြသည်၊ ခြိမ်းခြောက်ကြသည် (၁ ရာ ၂၂း၈၊ ၂၇)။ သို့သော် ဖိအားကိုရင်ဆိုင်ပြီး၊ သစ္စာရှိရှိဆက်လက်ဟောပြောခဲ့ကြသည်။





# ပရောဖက်များသည် မည်သည့်အမှုကို လုပ်ဆောင်ခဲ့ကြသနည်း။

“နိမ်ရှိသား ယေဟုကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။ အာဗေလမဟောလမြို့နေ၊ ရှာဖတ်သား ဧလိရှဲကို သင့်ကိုယ်စား ပရောဖက်အရာ၌ခန့်ထား၍ ဘိသိက်ပေးလော့” (၃ ဓမ္မရာဇဝင် ၁၉:၁၆)

အခြားအရာများအပြင် ပရောဖက်များသည် ဤတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်









## ဘုရင်များနှင့်အတူ

- ဘုရင်များကို ဘိသိက်ပေးခဲ့ကြသည် (၃ ဓမ္မရာဇဝင် ၁၉:၁၆)
- ကောင်းမှုပြုလျှင် အားပေးသည် (၂ ရာဇဝင်ချုပ် ၁၅:၈)
- အမှားပြုလျှင် ထိတ်တိုက်ရင်ဆိုင်သည် (၃ ဓမ္မရာဇဝင် ၂၁:၂၀)

## ယဇ်ပရောဟိတ်များနှင့်အတူ

- ယဇ်ပရောဟိတ်များ အမှားပြုလျှင် ထောက်ပြကြသည် (မာလခိ ၂:၁-၂)

## လူများနှင့်အတူ

- ဘုရားသခင်၏လမ်းကို သင်ပေးသည်(မိက္ခာ ၆:၈)
- အပြစ်ကိုဖော်ပြကြသည် (ဟောရှာယ ၅၈:၁)
- နောင်တရအောင် တိုက်တွန်းနှိုးဆော်သည် (ယေဇကျေလ ၁၈:၃၂)

## ကျွန်ုပ်တို့နှင့်အတူ

- သတင်းစကားကို စာနှင့်ရေးသားဖော်ပြကြသည် (၂ ရာဇဝင်ချုပ် ၁၃:၂၂)

# ပရောဖက်ဆုကျေးဇူး ရရှိခဲ့သော အမျိုးသမီးများမှာ မည်သူများနည်း။

**“ထိုကာလအခါ လပိဒုတ်မယား ပရောဖက်မဒေဗောရသည် ဣသရေလအမျိုးကိုအုပ်စိုး၏” (တရားသူကြီး ၄း၄)**

ဓမ္မဟောင်းကျမ်း၌ ပရောဖက်မ ငါးဦးအကြောင်း ဖော်ပြထားသည်။ နောဒိယက မိစ္ဆာပရောဖက်မဖြစ်သည် (နေဟမိ ၆း၁၄)။ နောက်တစ်ဦးမှာ ဟေရှာယ၏ဇနီးဖြစ်သည်။ ဟေရှာယ ၈း၃ မှာ သူမကို ပရောဖက်မဟု ခေါ်ထားသော်လည်း ပရောဖက်ဆုကျေးဇူးရှိ၍ ပရောဖက်ခေါ်သလား (သို့) ပရောဖက်ဇနီးဖြစ်သည်အတွက် ပရောဖက်မဟု ခေါ်သလားဆိုသည်ကို ကျမ်းစာကမရှင်းထားပါ။









**မိရိအံ** - ပရောဖက်မတစ်ဦးဖြစ်သည်။ ပင်လယ်နီကို ဖြတ်ကျော်ပြီးနောက် အမျိုးသမီးများကို ဦးဆောင်ပြီး ဘုရားသခင်ကို ချီးမွမ်းသီချင်းဆိုခဲ့သည်။ ထို့အပြင် တောခရီးသွားစဉ်တွင် သူမ၏ ညီအစ်ကိုဖြစ်သော မောရှေနှင့်အာရုန် တို့နှင့်အတူ လူတို့ကိုဦးဆောင်ရာ၌ ပါဝင်ခဲ့သည် (ထွက်မြောက်ရာ ၁၅း၂၀၊ မိက္ခာ ၆း၄)။

**ဒေဗောရ** - ပရောဖက်မနှင့်တရားသူကြီးတာဝန်နှစ်မျိုးကိုထမ်းဆောင်ခဲ့သည်။ ထို့အပြင် ဗာရက်နှင့်အတူ ဣသရေလလူတို့ကိုဦးဆောင်၍ စိသရကိုတိုက်ခိုက်ခဲ့ကြသည်။ အောင်ပွဲရပြီးနောက်တွင်လည်း ဘုရားသခင်၏အောင်မြင်မှုကို ချီးမွမ်းသည့် ပရောဖက်သီချင်းကို သီဆိုခဲ့သည် (သူကြီး ၄း၄-၉၊ ၅း၁)

ဟုလဒ - ယောရှိမင်းလက်ထက်တွင် ရှာတွေ့ခဲ့သော ပညတ္တိကျမ်းစာအုပ် အကြောင်းကို မင်းကြီးက သူမထံလာရောက်မေးမြန်းခဲ့ပါသည်။ ဟုလဒက မင်းကြီး၏မေးခွန်းကို ဖြေကြားပေးရုံသာမက၊ သူ့ကို အားပေးနှစ်သိမ့်စကားများကိုလည်း ပြောကြားပေးခဲ့ပါသည် (၂ ဓမ္မရာဇဝင် ၂၂:၁၄–၂၀)။

# ပရောအတုများတွင် မည်သည့်လက္ခဏာများ ရှိကြသနည်း

"ထာဝရဘုရားက၊ ထိုပရောဖက်တို့သည် ငါ၏နာမကိုအမှီပြု၍ မုသားကို ဟောတတ်ကြ၏။ သူတို့ကို ငါမစေလွှတ်၊ မမှာထား၊ ဗျာဒိတ်မပေး။ သူတို့ဟောပြောချက်တို့သည် မျက်စိကိုလှည့်ခြင်း၊ နတ်ပူးခြင်း၊ အချည်းနှီးကြံစည်ခြင်း၊ မိမိဉာဏ်အတိုင်း လှည့်စားခြင်း သက်သက်ဖြစ်ကြ၏" (ယေရမိ ၁၄း၁၄)

ပရောဖက်ပြုသူတိုင်းသည် ဘုရားသခင်ထံမှ ဘုရားသခင်ထံမှ သတင်းစကားရရှိ ထားသူများမဟုတ်ပါ (ယေရမိ ၁၄း၁၄)။ သို့ဖြစ်လျှင် သူတို့သည် မည်သည့်သတင်းစကားကို ဟောပြောကြသနည်း။ အဘယ်ကြောင့် ဤသတင်းစကားကို ဟောပြောကြသနည်း။



- မိမိစိတ်ကူးနှင့်ဖန်တီးဟောကြသည် (ယေဇကျေလ ၃၂း၂၊ ၁၇)
- လူများအကြိုက်ဟောပြောကြသည် (ယေဇကျေလ ၁၃း၁၆)
- အပြစ်ကိုထောက်ပြ၍ ဆုံးမခြင်းမပြုကြပါ (ယေဇ ၁၃း၂၂)
- ကိုယ်ကျိုးအမြတ်ရှာကြတယ် (ယေဇကျေလ ၁၃း၁၉)

အဘယ်ကြောင့် ဘုရားနာမကို အသုံးပြုပြီး မမှန်သောအရာကို ဟောကြသနည်း။ ကိုယ့်ကိုယ်ကိုလိမ်လည်နေသလား။ အသိအမှတ်ပြုခြင်းလိုချင်လို့လား။ ငွေကြေး၊ အကျိုးအမြတ်ရချင်လို့လား၊ ဤထဲက တစ်ခုခုလိုချင်၍ ဖြစ်ပါသည်။

ဝမ်းနည်းစရာအကောင်းဆုံးမှာ မိစ္ဆာပရောဖက်တို့၏ စကားကိုနားထောင်ပြီး သူတို့၏နောက်လိုက်သောလူများနေခြင်းဖြစ်သည်။ လူအများက သူတို့ကိုကြိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သတင်းစကားက အပြစ်ကို မဖော်ပြ၊ နောင်တရဖို့လည်း မခေါ်ဖိတ်ပါ၊ နားချမ်းစရာဘဲဟောကြသည်။ နောက်ဆုံးမှာ သေခြင်းဆီသို့ ဦးတည်သည်။



စစ်မှန်သောပရောဖက်က အပြစ်၏အန္တရာယ်ကို အမြဲသတိပေးသည်။ အသက်အန္တရာယ်မည်မျှပင် ကြီးနေပါစေ သစ္စာရှိရှိရပ်တည်ရန် လူများကိုအားပေးတိုက်တွန်းကြသည်။

တမန်တော်များနှင့် ပရောဖက်များအနက် မည်သူမျှ မိမိတို့တွင် အပြစ်ကင်းစင်သည်ဟု မဆိုခဲ့ကြပါ။ ဘုရားသခင်နှင့်အနီးစပ်ဆုံး အသက်ရှင်ခဲ့ကြသူများ၊ မိမိတို့သဘောဆန္ဒအလျောက် မှားယွင်းသောလုပ်ရပ်ကို ပြုလုပ်မည့်အစား အသက်ကိုပင် စွန့်လွှတ်ရဲသူများ၊ ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်နှင့် တန်ခိုးတော်တို့ဖြင့် ဂုဏ်ပြုချီးမြှင့်ခံရသူများ ဖြစ်ကြသော်လည်း ၎င်းတို့သည် မိမိတို့၏သဘာဝ၌ အပြစ်ပါဝင်နေကြောင်း ဝန်ခံခဲ့ကြပါသည်။ ၎င်းတို့သည် လူ့ဇာတိသဘောသဘာဝအပေါ်တွင် အား မထားခဲ့ကြသလို မိမိတို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကိုလည်း အခိုင်အမာ မဆိုခဲ့ကြဘဲ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော် အပေါ်၌သာ လုံးဝယုံကြည်အားထားခဲ့ကြပါသည်။

**EGW (The Acts of the Apostles, p. 561)**

# နောက်ဆက်တွဲ — အယ်လင် ဂျီ.ဝှိုက်၏ ပရောဖက်ပြုခေါ်တော်မူခြင်း

ပထမဆုံးရူပါရုံရပြီးနောက် အယ်လင်က မိမိသည်ပရောဖက်သာသနာအတွက် လုံလောက်သော ပြင်ဆင်မှုမရှိဟု ခံစားခဲ့ရသည်။ ကျန်းမားရေးချို့တဲ့သည့်အပြင်၊ ပညာရေးအကန့်အသတ်ရှိသော ၁၇ နှစ်အရွယ်မိန်းကလေးဖြစ်သည့်အတွက် မထိုက်တန်သလို၊ ပေးအပ်သည့်ပေရောဖက်တာဝန်ကို ထမ်းနိုင်မည်မဟုတ်ဟု ခံစားခဲ့သည်။




တစ်ပတ်အကြာတွင် ဒုတိယရူပါရုံကိုရခဲ့သည်။ သူမကြုံတွေ့ရမည့် အခက်အခဲနှင့်စိန်ခေါ်မှုများကို မြင်တွေ့ခဲ့သည်။ ထို့နောက် အချိန်အတော်ကြာ ဆုတောင်းပြီး၊ ညီအစ်ကိုမောင်နှမအချို့၏ အား ပေးမှုကိုလည်းခံယူကာ အယ်လင်သည် နောက်ဆုံးတွင် ဘုရားသခင်၏ ခေါ်တော်မူခြင်းကို လက်ခံ ခဲ့သည်။

နှစ်ပေါင်းနှစ်ဆယ်မပြည့်မီကာလအတွင်း ရူပါရုံများစွာရရှိခဲ့ပါသည်။ ခင်ပွန်းသည် ဂျိမ်းစ်ဝှိုက်၏အား ပေးမှုဖြင့် အယ်လင်သည် မြော်လင့်ခြင်းအသင်းတော်တည်ထောင်ရာတွင် အရေးပါခဲ့သည်။ ထိုအသင်း တော်ကို ၁၈၆၃ တွင် တရားဝင်ဖွဲ့စည်းခဲ့သည်။






သူမ၏အမှုတော်ဆောင်ခြင်းသည် အသင်းတော်၏ကျန်းမာရေးနှင့်ပညာရေးစနစ်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ သူမရေးသားခဲ့သောစာအုပ်များသည် ယနေ့ထိ ကမ္ဘာတစ်ဝန်းတွင် ဖြန့်ဝေနေဆဲဖြစ်သည်။ စာမျက်နှာပေါင်း ၁၀၀,၀၀၀ ခန့်ရှိပါသည်။